# 88 GENERATION STUDENTS (EXILE)

Ph/Fx: (415) 564 - 2446, / Em: studentexiles8888@yahoo.com, / Mail:  2395, 26th Ave # 3, San Francisco, CA-94116.


## ပြည်ပရောက်၈၈ မျိုးဆက်ကျောင်းသားများနိုင်ငံတကာညီလာခံ၏ထုတ်ပြန်ကြေငြာချက်

ဒီဇင်ဘာလ ၃၁ ရက် ၂၀၀၇

(၁) ဒီဇင်ဘာလ ၂၉/၃၀ ရက် ၂၀၀၇ နေ့များ အတွင်း ၈၈ မျိုးဆက် ကျောင်းသားများ နိုင်ငံတကာ ညီလာခံ တရပ်ကို အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက် ပြည်နယ်၊ ချီကာဂိုမြို့၌ ပြည်ပရောက် ၈၈ မျိုးဆက် ကျောင်းသားများ အင်အာစုကြီး တရပ် ပေါ်ထွန်းရေးနအဖစစ်အုပ်စုကိုအပြီးသတ်ဖယ်ရှားနိုင်ရေး ရည်ရွယ်ချက်များဖြင့်ကျင်းပပြုလုပ်ခဲ့ပါသည်။

(၂) ထိုညီလာခံသို့အမေရိကန်ပြည်နယ်အသီးသီးမှ ၈၈ ကျောင်းသားခေါင်းဆောင်များ၊ ကနေဒါ နှင့်နော်ဝေးမှကျောင်းသား ခေါင်းဆောင်များ၊ တိုင်းရင်းသားကျောင်းသား ခေါင်းဆောင်အချို့၊ရဟန်းပျိုသမဂ္ဂများ ဥက္ကဋ္ဌ ဆရာတော် ဦးခေမာစာရ ၊ ဆရာကြီး ဒေါက်တာ ဆလိုင်းသန်းထွန်းတက်ရောက်ခဲ့ကြပါသည်။ ထို့ပြင် ပြည်တွင်းမှ ၈၈ မျိုးဆက်ကျောင်းသားများ၏ခေါင်းဆောင်တဦးဖြစ်သော ကိုထွန်းမြင့်အောင်၊ ထိုင်းနယ်စပ်ဒေသသို့မကြာမီကာလက ရောက်ရှိနေသော၈၈မျိုးဆက်ကျောင်းသားများ၊သံဃာ့ဥသျှောင်အဖွဲ့ဦးဆောင်မစိုးရိမ်ဆရာတော်ကြီးဦးကောဝိဒတို့မှဖုံးဖြင့်တက်ရောက်၊မှာကြားဆွေးနွေးခဲ့ကြပြီး၊ ပြည်တွင်းရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဖွဲ့ကြီး၊ အဝေးရောက်ပြည်ထောင်စုမြန်မာနိုင်ငံညွန့်ပေါင်းအစိုးရ၊ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီတို့မှအားပေး သဝဏ်လွှာများ ပေးပို့ခဲ့ကြပါသည်။

(၃) ဤညီလာခံကြီးမှ ၈၈ မျိုးဆက်ကျောင်းသားများ(ပြည်ပ)၏ ဖွဲ့စည်းပုံမူနှင့် နအဖစစ်အုပ်စုအား ဖြုတ်ချရေးလုပ်ငန်းလမ်းစဉ် များ ၈၈ မျိုးဆက် ကျောင်းသားများ (ပြည်ပ) ပါဝင်လှုပ်ရှား နေသော အဖွဲ့ဝင် များအား အတည်ပြု မှတ်တမ်းတင်ခြင်း၊တို့ကိုဆွေးနွေးလုပ်ဆောင်ခဲ့ကြပါသည်။

(၄)ထိုရည်ရွယ်ချက်များထမြောက်အောင်မြင်ရေးအတွက် နိုင်ငံတကာ ဖိအားပေးရေးဆွေးနွေးဝိုင်း၊ လူထုလှုပ်ရှားမှုဆွေးနွေး ဝိုင်း၊ စစ်ရေးမဟာဗျူဟာဆွေးနွေးဝိုင်း၊ တိုင်းရင်းသားရေးရာဆွေးနွေးဝိုင်း၊ ဘဏ္ဍာရေး ဆွေးနွေးဝိုင်း များဖွဲ့ကာ ကော်မတီ ဖွဲ့ခြင်းအသေးစိတ်လုပ်ငန်းစဉ်များဆုံးဖြတ်သတ်မှတ်ခြင်း တို့ကိုပြုလုပ်ခဲ့ကြပါသည်။

(၄) ညီလာခံကြီးအား (၁) ၈၈မျိုးဆက် ကျောင်းသား အင်အားစုကြီး တရပ်ပေါ်ထွန်းရေး၊ (၂) စစ်အာဏာရှင်စနစ်ဖယ်ရှားရေး၊(၃) ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး၊ (၄)ဒေါ်အောင်ဆန်းစုကြည်၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များ နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်မြောက်ရေး၊ ဟူသောကြွေးကြော်သံများဖြင့် အောင်မြင်စွာရုတ်သိမ်းခဲ့ပါသည်။


**ဆက်သွယ်ရန်။** ။ ကိုကိုဦး(၂၆၀) ၃၄၈-၅၉၅၀၊ ကောင်းမြတ်သူ(၄၇-၉၅၀၁-၂၂၄၀)ကိုသက်ထွန်း(၆၀၂)၂၅၄-၅၀၀၄၊
ဇာနည်(၈၀၁)၅၀၂-၄၂၉၉၊ ကိုထွန်းအောင်ကျော်(၆၃၀)၇၂၈-၄၃၄၉၊ ကိုမိုးသီးဇွန်(၆၄၆)၄၁၃-၈၆၃၁၊ ကိုရဲထွဋ်(၃၄၇)၂၂၆- ၀၅၇၂၊
ကိုကိုလေး(၄၁၅)၂၀၃-၀၅၄၁၊ကိုမှူးသာ(၆၄၆)၂၆၇-၂၁၆၇၊ ကိုကျော်သူရှိန်(၇၇၃)၇၁၅-၀၈၈၀၊ ကိုစိုးမိုး(၆၀၂)၃၁၈-၂၇၅၁၊